ကနေဒါနိုင်ငံ
တိုရန်တိုမြို့
မဟာဓမ္မိက မြန်မာကျောင်း

ဘဒ္ဒန္တ နန္ဒဝံသ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
ဆရာတော်၏

# ထေရုပ္ပတ္တိကထာ

နှင့်

## သာသနာရေးဆောင်ရွက်ချက်များ

၁၃၆၂ ပြာသိုလဆန်း ၁၁ ရက်
၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်

ကနေဒါနိုင်ငံ
တိုရန်တိုမြို့
မဟာဓမ္မိက မြန်မာကျောင်း

ဘဒ္ဒန္တ နန္ဒဝံသ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
ဆရာတော်၏

# ထေရုပ္ပတ္တိကထာ

နှင့်

## သာသနာရေးဆောင်ရွက်ချက်များ

၁၃၆၂ ပြာသိုလဆန်း ၁၁ ရက်
၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်

**ယောင်ပန်းမွှေး**

၁၄၂

မွေးချင်း (၇) ဦးရှိ၏။ မော်ကျွန်းတိပိဋကဓရ ဆရာတော်သည် အကြီးဆုံးဖြစ်၏။
ငယ်မည် မောင်ထွန်းသိန်း ဖြစ်၏။

၁၉၉၂

ဦးဖုန်း၊ ရွှေလောင်းအား ရည်စူး၍
ဘဒ္ဒန္တ ပညာဇောတ(ကနေဒါ)
ပြည်ပသာသနာပြုဆရာတော်နှင့်
ဒေါ်ကျင်ရွှေ သမီး မစီစီ မြေး ထွန်းနိုင်ဦး တို့က
ဤ ထေရုပ္ပတ္တိကထာ စာတန်းကို လှူဒါန်းပါသည်။


၁၉၉၃

Printed at
Daw Khin Hla(01578) Sar Pay Law Ka Press
No 173, 33 street, YANGON, MYANMAR.

# ဆန္ဒမွန်

ကိုယ်တည်းတစ်ယောက်
ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ်
အားမထုတ်ဘူး
ဗုဒ္ဓမြတ်စွာ
သာသနာ၏
ရှည်ကြာအစွန့်
ရောင်လျှံကွန့်ဖို့
စွန့်စားမပျက်
ငါ ဆောင်ရွက်သည်
စဉ်ဆက်သာသနာ
တည်ပါစေ။

စိန်ဖူးတော် ထီးတော်များ တင်လှူပြီး ကြည်ညိုဖွယ် ဖူးမြော်ရသည့်
ဇေယျသိဒ္ဓိစေတီတော်မြတ်



ဇေယျသိဒ္ဓိစေတီတော်

ဇေယျသိန်ကျောင်းတိုက်၊ လောမြို့



ဘဒ္ဒန္တ နန္ဒဝံသ၊ ဓမ္မာစရိယ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
သက်တော် ၆၅ နှစ်



ဇေယျသိဒ္ဓိစေတီတော်
ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်တော်မူသည့်
ကောဏာဂုံ မြတ်စွာဘုရား

## ကနေဒါနိုင်ငံ တိုရန်တိုမြို့ မဟာဓမ္မိက မြန်မာကျောင်း
## ဘဒ္ဒန္တ နန္ဒဝံသ
## ထေရုပ္ပတ္တိ အကျဉ်းချုပ်

ဆရာတော် လောင်းလျာကို ၁၂၉၈ ခု ပြာသိုလ္ဆန်း ၁၅ရက် စနေနေ့ ၁၉၃၆ ခု ဒီဇင်ဘာ ၂၆ ရက်နေ့တွင် မန္တလေးတိုင်း လယ်ဝေးမြို့နယ် ဇလာမြို့ ဇေယျသိန်ရွာ၌ ခမည်းတော် ဦးပု မယ်တော် ဒေါ်စောမြ တို့မှ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ (၁၃၀၄ ခု ခြောက်နှစ်သား အရွယ်တွင် မယ်တော်ကြီး ကွယ်လွန်သွားခဲ့ပါသည်။)

ခမည်းတော် မယ်တော်တို့မှ သားသမီးရတနာ ၈ ယောက် ဖွားမြင်ခဲ့ရာ အကြီးဆုံးအစ်မကြီးမှာ မလှိုင် ဖြစ်ပြီး ၁၂စ်ကို ကိုချစ်မောင်၊ မသန်းတင်၊ မပေါက်စ၊ မခို၊ မောင်မောင်လှ၊ မောင်အောင်၊ ညီမအငယ်ဆုံး မအုံးကြည် တို့ဖြစ်ပါသည်။

ဆရာတော် လောင်းလျာမှာ ဆဋ္ဌမမြောက်သားရတနာ မောင်မောင်လှ ဖြစ်ပါသည်။

၁၃၀၅ ခုနှစ်တွင် ဇလာမြို့ ဇေယျသိန်ကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ) လယ်ဝေးမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ထံတွင် ပညာသင်ကြားရန် အပ်နှံခဲ့ပါသည်။

၁၃၀၈ ခု တပေါင်းလဆန်း ၁၅ ရက် ကြာသပတေးနေ့တွင် ဇေယျသိန်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရ ကို ဥပဇ္ဈာယ် ပြု၍ ခမည်းတော်ကြီးနှင့် အစ်ကို အစ်မများ၏ ပစ္စယာနုဂ္ဂဟ ကို ခံယူကာ ရှင်သာမဏေ အဖြစ်ကို ရရှိခဲ့ပါသည်။ ရှင်နန္ဒဝံသ ဟူသော ဘွဲ့အမည်ကို ကျေးဇူးရှင် ဆရာတော်ကြီးက ချီးမြှင့်ပေးခဲ့ပါသည်။

သာမဏေပြုပြီး ဇေယျသိန်ကျောင်း ဆရာတော်ထံတွင် အခြေခံပါဠိ စာပေများကို သင်ကြားခဲ့ပါသည်။ ၁၃၁၅ ခု၊ ၁၃၁၆ ခု၊ ၁၃၁၇ ခု၊ ၁၃၁၈ ခု နှစ်များအတွင်း ကျေးဇူးရှင် ဇေယျသိန်ကျောင်း ဆရာတော်ထံမှာပင် အဘိဓမ္မာစာမေးပွဲ၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများကို အောင်မြင်ခဲ့ပါသည်။

၁၃၁၈ ခု ကဆုန်လဆန်း ၅ ရက် တနင်္လာနေ့၊ ၁၉၅၆ ခု မေလ ၁၄ ရက်နေ့တွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် မင်းဝေတောင် ဆရာတော် ဘဒ္ဒန္တလက္ခဏ ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်ကြီး ဦးပု နှင့် ဦးချစ်ဝေ၊ ဒေါ်ဇလိုင်၊ ကိုချစ်မောင်၊ မထွန်း၊ အစ်ကို အစ်မများ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဇေယျသိန်ကျောင်း ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၁၈ ခုနှစ်မှ ၁၃၂၃ ခုနှစ်အထိ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းပါဠိတက္ကသိုလ် ညောင်ရမ်း ဆရာတော်ကျောင်းတွင်အဆင့်မြင့်ပါဠိအဋ္ဌကထာ စာပေများကို ဓမ္မာစရိယတန်း အတွက် ဆက်လက် သင်ကြားခဲ့ပါသည်။

ပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာတော်

များမှာ မန္တလေးတိုင်း လယ်ဝေးမြို့နယ် ဇလာမြို့ ဇေယျာသိန် ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ၊ မန္တလေးမြို့ မိုးကောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ လက္ခဏာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့ မိုးကောင်းတိုက်၊ ဒေးဝန်းကျောင်း ဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ (နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု)၊ မန္တလေးမြို့ မိုးကောင်းတိုက်၊ ဝါးတန်း စာချကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု)၊ စစ်ကိုင်းတောင်ရိုး ရတနာဂူဝံချောင် မဟာသဇ္ဇနောဒယ ဆရာတော် ဘဒ္ဒန္တ သဇ္ဇနာ ဘိဝံသ အဂ္ဂမဟာပဏ္ဍိတနှင့် ဘဒ္ဒန္တ မဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တ ဇောတိကာဘိဝံသ(ရွှေဘို)၊ ဘဒ္ဒန္တ ဝိမလာဘိဝံသ၊ ဘဒ္ဒန္တ ဝဏ္ဏာဘိဝံသ၊ ဘဒ္ဒန္တ သူရိယာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ အဘိ ဓဇ မဟာရဋ္ဌဂုရု (B.A) စိန်မမ ပါဠိတက္ကသိုလ် မော်လမြိုင်မြို့၊ ဘဒ္ဒန္တ မကုဋ္ဌဉာဏာဘိဝံသ(သစအ) ဓမ္မာစရိယ (B.A) ညောင်ရမ်း ပါဠိတက္ကသိုလ် စာချဆရာတော်များ ဖြစ်ကြပါ သည်။

၁၃၂၃ ခုနှစ်တွင် မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်း ပါဠိတက္ကသိုလ်မှ ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့ပြီး သာသန ဓဇ ဓမ္မာစရိယ ဘွဲ့ကို ရရှိခဲ့ပါသည်။

၁၃၂၃ ခုနှစ်မှ ၁၃၄၀ ခုနှစ်အထိ မိမိ၏ မူလ ငယ်ဆရာ ရင်း ဖြစ်သော ဇလာမြို့ ဇေယျာသိန်ကျောင်း စာသင်တိုက်တွင် ၁၈ နှစ်ကြာ စာပေပို့ချ၍ ပရိယတ္တိ သာသနာတော်အတွက် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

ပရိယတ္တိသာသနာ တာဝန်ယူဆောင်ရွက်သည့် အချိန်မှာပင် လူမျိုး ဘာသာ သာသနာ လူမှုရေးများအတွက် ပံ့ပိုးကူညီပေးခြင်း၊ ကျေးရွာနှင့် ပတ်ဝန်းကျင် ဒကာ ဒကာမများ ငွေကုန်သက်သာ အလုပ်မများစေရန် သုံးနှစ်တစ်ကြိမ် စုပေါင်းရှင်ပြုရဟန်းခံပွဲ ဦးစီး၍ ကျင်းပပေးခြင်း၊ ဆယ့်နှစ်လ ရာသီအလိုက် မြန်မာ့ယဉ်ကျေးမှု ဘာသာရေး ပွဲတော်များ ကျင်းပပေးခြင်း၊ ဘုန်းတော်ကြီးသင် ပညာရေး အခြေခံ မူလတန်းကျောင်း ဖွင့်၍ ကလေးသူငယ်များအား အခြေခံမူလတန်းပညာသင်ကြားပေးခြင်း၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ သင်တန်း နှင့် တရားစခန်းပွဲများ နှစ်စဉ် မေလတွင်ကျင်းပပေးခြင်း၊ နယ်လှည့် 'ဓမ္မကထိက' အဖြစ် တရားဟောခြင်း စသော ဘာသာ သာသနာနှင့် လူမှုရေးလုပ်ငန်းများတွင် နည်းပေးလမ်းညွှန်ခြင်း၊ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။

၁၃၄၄ ခု ပြာသိုလပြည့်ကျော် ၅ ရက် ၁၉၉၈ ခု ဖေဖော်ဝါရီလ ၂ ရက် ဗုဒ္ဓဟူးနေ့တွင် မိမိ၏ကျေးဇူးရှင် ငယ်ဆရာရင်းဖြစ်သည့် လောမြို့ ဇေယျသိန်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) လယ်ဝေးမြို့နယ်သံဃနာယက ဥက္ကဋ္ဌနှင့်အတူထိုင်းနိုင်ငံ ဖရဲ့မြို့ ဝပ်ဘော့ကရော့ကျောင်းတိုက်တွင် နှစ်ပေါင်း ၂၅ နှစ်ကျော်ကြာ သီတင်းသုံးသာသနာပြုနေသည့် ဆရာတော်ကြီး၏ တပည့်ရင်း ဘဒ္ဒန္တပညာသိရီနန္ဒ နှင့် တပည့်ဒကာ ဒကာမများ၏ ပင့်ဖိတ်မှုဖြင့် ထိုင်းနိုင်ငံ၊ မလေးရှား၊ ပီနန်၊ စင်္ကာပူ၊ အိန္ဒိယ နှင့် နီပေါနိုင်ငံများသို့ ၆ လကြာ ဘာသာ သာသနာ လေ့လာရေး ခရီးအဖြစ် ပထမအကြိမ် ပြည်ပသို့ သွားရောက်ခဲ့ပါသည်။

၁၃၄၈ ခု တပေါင်းလပြည့်ကျော် ၉ ရက် ၁၉၈၇ ခု မတ်လ ၂၃ ရက်နေ့တွင် ငယ်သူငယ်ချင်း မိတ်ဆွေရင်းဖြစ်သည့် ပြည်ပ သာသနာပြု ဆရာတော် ဘဒ္ဒန္တ ပညာသိရိနန္ဒ ၂၅ နှစ်ကျော်ကြာ တည်ထောင် သာသနာပြုထားသော ထိုင်းနိုင်ငံ ဖရဲ့မြို့ ဝပ်ဘော့ကရော့ သာသနာပြုကျောင်း၊ ကနေဒါနိုင်ငံ အွန်တေးရီး ယိုပြည်နယ် တိုရန်တိုမြို့တွင်ရှိသည့် မဟာဓမ္မိက မြန်မာကျောင်း နှင့် တရုတ်မြန်မာ သာသနာပြုကျောင်းများတွင် ထေရဝါဒ သာသနာ တည်တံ့ ပြန့်ပွားမှုအတွက် လက်တွဲအကူအညီပေးရန် ပင့်လျှောက်သဖြင့် ဒုတိယအကြိမ် ပြည်ပသို့ ထွက်လာခဲ့ပါ သည်။

၂၃၊ ၃၊ ၁၉၈၇ မှစ၍ ပြည်ပတွင် နေထိုင်ကာ မိမိ တိုင်းပြည် လူမျိုး ဘာသာ သာသနာ နှင့် ယဉ်ကျေးမှုများအတွက် အကျိုးရှိမည့် လုပ်ငန်းများကို ဆောင်ရွက်လျက် ကနေဒါ နိုင်ငံ တိုရန်တိုမြို့ မြန်မာကျောင်း နှင့် တရုတ်မြန်မာ သာသနာပြု ကျောင်းများတွင် ယခုအထိ သီတင်းသုံး နေထိုင်လျက်ရှိပါသည်။

# ပြည်တွင်း ပြည်ပ
# ဘာသာရေး သာသနာရေး နှင့်
# လူမှုရေးလုပ်ငန်းဆောင်ရွက်ချက်များ

**၁။** ၁၉၈၇ ခု ဇူလိုင် ၃၁ ရက်နေ့ ည ၈.၄၅ နာရီတွင် တရုတ် မြန်မာ သာသနာပြုကျောင်း ဖြစ်မြောက်ရန် အတွက် ထိုင်ဝမ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုင်ဝမ်တွင် ၂ နှစ်ကျော်ကြာ အိမ်ခန်းတစ်ခုကို ငှား၍ ဘဒ္ဒန္တပညာသိရီနန္ဒ၊ အရှင်နန္ဒသိရီ တို့နှင့် အတူ ထိုင်ဝမ်တွင် တရုတ် မြန်မာ သာသနာပြုကျောင်း ဖြစ်မြောက်ရေးအတွက် ဘာသာရေး သင်တန်းများပေး၍ ဟော ပြော စည်းရုံးပြီး နေထိုင်ခဲ့ရာ ၁၉၈၉ ခု ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ၄၀ ပေ ပတ်လည်ရှိသည့် အမှတ် ၁၂၂၊ ၅ထပ်၊ ၆ထပ်ရှိ ကျုံးဟိုမြို့ ကျုံးရှောက်လမ်းတွင် ကိုယ်ပိုင်ကျောင်း ဝယ်ယူနိုင်ခဲ့ပါသည်။

၁၉၉၀ ခု မေလ ၆ ရက် ကဆုန်လပြည့် ဗုဒ္ဓနေ့ ပွဲတော် နှင့်အတူ ကျောင်းသစ်ဖွင့်ပွဲ မင်္ဂလာကို ကျင်းပပြုလုပ် ခဲ့ပါသည်။

ကျောင်းဖွင့်ပွဲသို့ ပဓာနနာယက ဇလာမြို့ ဇေယျသိန် ကျောင်းဆရာတော်ကြီး ကိုယ်တိုင် ကြွရောက် ဖွင့်လှစ်ပေးပြီး ဆရာတော် နှင့် အတူ အရှင်ပညာဇောတ အရှင်ဘဒ္ဒိယ တို့ကို သာသနာပြုကျောင်းများအား ကူညီ ထိန်းသိမ်းနိုင်ရန် တချိန် တည်းပင့်လျှောက်ခဲ့ပါသည်။ ယခုအချိန်ထိ သာသနာပြု ကျောင်းများတွင် သီတင်းသုံး နေထိုင်လျက်ရှိကြပါသည်။

၂။ ၁၉၉၄ ခု မတ်လ ၂၈ ရက်နေ့တွင် မြန်မာပြည်သို့ ပထမ အကြိမ် ခေတ္တ ပြန်လာပြီး ဇလာမြို့ ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ဆောင် ဆောက်လုပ်ရေး တတိယအကြိမ် အလှူငွေ ပေး အပ်ပွဲတွင် အလှူငွေကျပ် ၁၀၀၀၀၀ ကို ခွဲစိတ်ဆောင်အတွက် အာယုဒါန အဖြစ် လှူဒါန်းပေးခဲ့ပါသည်။ လူနာကုတင် အလုံး ၂၀ ကို ဆေးသုတ်ပြုပြင်၍ ပေးခဲ့ပါသည်။ (၁၉၉၄ ခုနှစ်)

၃။ ဆေးရုံတွင် အရေးပေါ် လူနာများအတွက် လျှပ်စစ်မီး အခက်အခဲ မဖြစ်စေဖို့ နှင့် အရေးပေါ် အသုံးပြုနိုင်ရန် ရည်ရွယ် ၍ ကျပ် ၅၅၀၀၀ တန်ဘိုးရှိ ဂျပန်မီးစက် တစ်လုံးကို ဝယ်ယူ လှူဒါန်း ပေးခဲ့ပါသည်။ (၁၉၉၄ ခုနှစ်)

၄။ ဓမ္မာစရိယတန်း အတွက် ပါဠိစာပေများ လေ့လာ သင်ကြားခဲ့ရာ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းပါဠိ တက္ကသိုလ် စာချစာသင် သံဃာတော်များ လိုအပ်သလို အသုံး ပြုနိုင်ရန် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဒေးဝန်း ဆရာတော်မှ တဆင့် ကျပ်ငွေ ၆၅၀၀၀၀ (ခြောက်သိန်း ငါးသောင်း) တန်ဖိုးရှိ ကွန်ပျူတာ ပရင်တာ နှင့် မိတ္တူကူးစက်ပါ တစ်စုံဝယ်ယူ၍ ပရိယတ္တိ သာသနာတော် တိုးတက်ရန်အတွက် လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် လှူဒါန်းပေးခဲ့ပါသည်။ (၂၅၊ ၄၊ ၁၉၉၄)

၅။ ၁၉၉၅ ခု ဒီဇင်ဘာ ၁၃ ရက် နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် ၅ ရပ်ကွက် ဓမ္မပါလကုန်းတော်တွင် တည်ဆောက်နေသည့် မြတ်ဗုဒ္ဓ၏ စွယ်တော်မြတ်စေတီတော်သို့ ဒုတိယ မိုလ်ချုပ်ကြီး မျိုးညွန့်၊

သာသနာရေးဝန်ကြီးမှ တဆင့် US $ 1000 ကို လှူဒါန်း ပေးခဲ့ပါသည်။ (၁၃၊ ၁၂၊ ၁၉၉၅)

၆။ ၁၉၉၅ ခု ဒီဇင်ဘာ ၁၃ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက နီပေါနိုင်ငံ လုမ္ဗိနီ ဥယျာဉ်တော် အတွင်း တည်ဆောက်နေသည့် သာသနိက အဆောက်အဦများ စေတီ ဘုရား သိမ်ကျောင်းများ အတွက် ၁၃ ကြိမ်မြောက် အလှူငွေ ပေးအပ်ပွဲတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမျိုးညွန့်၊ သာသနာရေး ဝန်ကြီးမှ တဆင့် US $ 1000 ကို လှူဒါန်းပေးခဲ့ပါသည်။ (၁၃၊ ၁၂၊ ၁၉၉၅)

၇။ လောမြို့နှင့် ပတ်ဝန်းကျင် အသွားအလာ ခက်ခဲသော လမ်းများတွင် အလှူငွေ သုံးသိန်း မတည်၍ တံတားများ လမ်း များ ကျောက်ချ ကျောက်ခင်း၍ ပြုပြင်တည်ဆောက် ပေးထား ပါသည်။ (၁၉၉၆)

၈။ လောမြို့သူ မြို့သား နယ်သူနယ်သား ကျောင်းသား လူငယ်များ လူမျိုးရေး ဘာသာရေး လူမှုရေး အသိဉာဏ် တရား များ တိုးတက်၍ စာရိတ္တတရား မြင့်မားလာစေရန် ရည်ရွယ်၍ သာသနာ့ရောင်ခြည် အမည်ဖြင့် စာကြည့်တိုက် တစ်ခုကို အလှူ ရံပုံငွေ ၅၀၀၀၀ ကျပ် မ တည်၍ ဘာသာရေး လူမှုရေး စာရိတ္တ ပြုပြင်ရေး စာအုပ်မျိုးစုံ ၃၀၀၀၀ ကျော်ဖိုး ဝယ်ယူ၍ ဖွင့်လှစ် ပေးထားခဲ့ပါသည်။ (၁၉၉၈)

၉။ သောက်ရေ သုံးရေ ရှားပါးသော ကျေးရွာ ရပ်ကွက် ဒေသ ရေလိုအပ်သော နေရာများတွင် အဝီစိရေတွင်း ၁၅ တွင်း တူး၍ လှူဒါန်းပြီး ဖြစ်ပါသည်။

**၁၀**။ မိမိကျေးရွာ မူလတန်းကျောင်းသား ကလေးငယ်များ အတွက် (၃ ပင် ၇ ပင် အုတ်နံရံကာ သွပ်မိုး တမံတလင်းခင်း) စာသင်ကျောင်း ဆောက်လုပ်၍ အဝီစိရေတွင်း၊ ရေလောင်း အိမ်သာ၊ သောက်ရေကန် နှင့် သုံးရေများပါ တည်ဆောက်ပေး ထားပါသည်။

**၁၁**။ မန္တလေးတိုင်း သံဃနာယက တိုင်းအကျိုးတော် ဆောင် ဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ အား တိုင်းသာသနာပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လိုအပ် သလို ဆောင်ရွက်နိုင်ရန်အတွက် ကွန်ပျူတာနှင့် ပရင်တာ တစ်စုံ ကို လှူဒါန်းပေးထားပါသည်။ (၅၊ ၁၊ ၁၉၉၉)

**၁၂**။ မန္တလေးတိုင်း လယ်ဝေးမြို့နယ် ဇလာမြို့ (အ.ထ.က) ကျောင်း ကျောင်းဆရာ ဆရာမ ကျောင်းသူ ကျောင်းသားများ ခေတ်နှင့်အညီ ပညာသင်ကြားရေးတွင် အထောက်အကူ ဖြစ်စေ ရန်အတွက် ကွန်ပျူတာ ပရင်တာ တစ်စုံကို ကျောင်းနာယက ဇလာမြို့ ၃၀၂ တပ်ရင်းမှူး၊ ဒုတိယ ဗိုလ်မှူးကြီး မြင့်ကြည် နှင့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင် တို့မှ တဆင့် လှူဒါန်း ပေးခဲ့ပါသည်။ (၈၊ ၃၊ ၁၉၉၉)

**၁၃**။ မိမိ၏ ပြည်ပ သာသနာပြု မိတ်ဆွေရင်းဖြစ်သည့် ဘဒ္ဒန္တပညာသိရီနန္ဒနှင့် အတူ ကနေဒါနိုင်ငံ တိုရန်တိုမြို့ မြန်မာ ကျောင်းတွင် အတူနေထိုင်စဉ် မိတ်ဆွေတွင် အူမ ကင်ဆာ ရောဂါမှ တဆင့် ဦးနှောက်အထိ ကူးစက်လာသောကြောင့် North York General Hospital ဆေးရုံကြီးတွင် တက်ရောက် ကုသခဲ့သော်လည်း ရောဂါပြင်းထန်သဖြင့် ၂၉၊ ၁၊ ၁၉၉၅ နေ့ ည ၇ နာရီတွင် တစ်ဘဝဇာတ်သိမ်း၍ ချုပ်ငြိမ်း သွားခဲ့ပါသည်။

သူအသက်ထင်ရှားရှိစဉ် သူမွေးဖွားရာဒေသ၊ မိဘ ဘိုးဘွားများ နေထိုင်ရာ ညောင်လေးပင်မြို့ ဇီးဖြူခင်ရွာတွင် ဗောဓိပက္ခိယ တရား ၃၇ ပါး ရည်မှန်း၍ ဉာဏ်တော် ၃၇ တောင်ရှိ သူ၏ ဘွဲ့အမည်ဖြင့် စေတီတစ်ဆူ တည်ထားပူဇော်ပေးရန် မှာကြားခဲ့ သည့် အတွက် သာသနာပြုဖက် မိတ်ဆွေ၏ ကျေးဇူး အထူးဆပ် ဂုဏ်ပြုသည့် အနေဖြင့် သိရီနန္ဒစေတီ ဘွဲ့အမည်ပေးကာ ၁၉၉၅ ခု မတ်လတွင် စတင် တည်ဆောက်ခဲ့ရာ ၃၁၊ ၃၊ ၁၉၉၈ နေ့တွင် အားလုံး ပြီးစီးအောင်မြင်ခဲ့ပါသည်။ ၁၉၉၈ ခု ဧပြီလ ၁၁၊ ၁၂၊ ၁၃ နေ့တွင် မိတ်ဆွေ ပေးအပ်ထားခဲ့သည့် ရှေးဟောင်း ပစ္စည်း များ၊ ဗုဒ္ဓမြတ်စွာ နှင့် ရဟန္တာ ဓာတ်တော် ပေါင်းစုံတို့ကို ဌာပနာ တော်သွင်း ပူဇော်၍ စိန်ဖူးတော် နှင့် ထီးတော်တင်လှူ ပူဇော်ပွဲပါ ကျင်းပ၍ ပြီးစီး အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ မိမိနှင့် အတူ ပြည်တွင်းပြည်ပ အလှူရှင်များက မြန်မာ ကျပ်ငွေ ၆၆၀၁၈၇၁ (ခြောက်ဆယ့်ခြောက်သိန်းကျော်) အကုန်အကျခံ၍ ပြည်တွင်း သာသနာပြုခဲ့ပါသည်။ (၂၁၊ ၃၊ ၁၉၉၈)

**၁၄**။ သိရီနန္ဒ စေတီတော် တည်ရှိရာသို့ အများပြည်သူများ သွားလာရန် ခက်ခဲနေသည့် ကျားချောင်း ချောင်းကူးတံတား ကို ကျေးရွာအုပ်စု ဆရာတော်များ နှင့် ရပ်ကွက် ခေါင်းဆောင် များ ပါဝင်ကာ ညှိနှိုင်း တိုင်ပင်၍ မိမိ ဦးဆောင် မ တည်ကာ မြန်မာ ကျပ်ငွေ ၂၅၀၀၀၀ (နှစ်သိန်း ငါးသောင်းကျော်) အကုန် အကျခံ၍ အလျား ၂၅ ပေ အနံ ၁၈ ပေရှိ တံတားကို တချိန်တည်း ပြုပြင် ဆောက်လုပ်ပေးထားခဲ့ပါသည်။ (၂၁၊ ၃၊ ၁၉၉၈)

**၁၅**။ မန္တလေးတိုင်း လယ်ဝေးမြို့နယ် ဇလာမြို့၊ ဧယျ သိန်ကျောင်းတိုက် သာသနိက မြေကွက်လပ်တွင် မိမိ၏

ကျေးဇူးရှင် ဘဒ္ဒန္တဝိသုဒ္ဓါစာရ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ လယ်ဝေးမြို့နယ် ဩဝါဒါစရိယ ဆရာတော် ဘုရားကြီး နှင့် မိမိ ကိုယ်တိုင် ဦးစီး၍ ဇေယျာသိဒ္ဓိစေတီတော် ကို ၁၃၅၈ ခု ကဆုန်လပြည့်ကျော် ၁ ရက် ကြာသပတေးနေ့ ၁၉၉၆ ခု မေလ ၅ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ် အချိန်တွင် အုတ်မြစ်ချ၍ တာဝန်ယူတည်ဆောက်ခဲ့ရာ ၁၉၉၉ ခု ဖေဖော်ဝါရီလ ၂၀ ရက် နေ့တွင် လုပ်ငန်းအားလုံး ပြီးစီးအောင်မြင်ခဲ့ပါသည်။

**၁၆**။ ၁၃၆၀ ခု တပေါင်းလဆန်း ၆ ရက် ၂၀၊ ၂၊ ၁၉၉၉ နေ့ စနေနေ့တွင် ဇေယျာသိဒ္ဓိစေတီတော် မြတ်ကြီးအား ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာ အောင်ပွဲတော်ကို လယ်ဝေးမြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ မန္တလေးတိုင်း သံဃနာယက ဥက္ကဋ္ဌ မြတောင်တိုက်ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ အဂ္ဂမဟာ ပဏ္ဍိတ၊ တိုင်းအကျိုးတော်ဆောင် ဘဒ္ဒန္တသာသနာဘိဝံသ အဂ္ဂမဟာ ပဏ္ဍိတ၊ လယ်ဝေးမြို့နယ် အာဏာပိုင် အဖွဲ့အစည်းများ၊ ဗိုလ်မှူးချုပ်သိန်းဆွေ စ က ခ မှူး စ က ခ ၆ ပျဉ်းမနားမြို့၊ ဗိုလ်မှူးချုပ်ဝင်းမြင့် တပ်မမှူး၊ တပ်မ ၃၃ စစ်ကိုင်းမြို့၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ထူး ဗျူဟာမှူး၊ စ က ခ ၆ ပျဉ်းမနားမြို့၊ ဒုတိယဗိုလ်မှူးကြီးဌေးအောင် ခရိုင်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ရမည်းသင်းမြို့၊ တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး မြင့်ကြည် အမှတ် ၃၀၂ ခြေမြန်တပ်ရင်း ဇလောမြို့၊ ဦးသက် ဌာနကြီးမှူး သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန ဇလောမြို့၊ ဦးခင်ထွန်း ဥက္ကဋ္ဌ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ လယ်ဝေးမြို့၊ ဦးနေအောင်

အတွင်းရေးမှူး မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ လယ်ဝေးမြို့၊ လောမြို့ မြို့မိ မြို့ဘ လူကြီးများပါဝင်၍ စုပေါင်းကွပ်ကဲ စီစဉ် ညွှန်ကြားကာ ဒေဝါဝင်း ရာဇာဝင်း ပုဂံဝင်း များခင်း၍ ခမ်းနားစွာ ကျင်းပပေး၍ အောင်မြင်ပြီးစီး ခဲ့ပါသည်။

**၁၇**။ ဇေယျသိဒ္ဓိစေတီတော်ကို မိမိကိုယ်တိုင် တာဝန်ယူ တည်ဆောက်ခဲ့ရာ ၂ နှစ် ၉ လ ကြာခဲ့ပါသည်။ ၂၀၊ ၂၊ ၁၉၉၉ နေ့ ဌာပနာတော်သွင်း စိန်ဖူးတော် နှင့် ထီးတော်တင်လှူပူဇော်ပွဲ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲတော် ပြီးသည်အထိ မြန်မာ ကျပ်ငွေ သိန်း ၃၈၀ (သိန်းသုံးရာ့ရှစ်ဆယ်)ကျော် ကုန်ကျခံ၍ ပူဇော်ပေးထားပါသည်။

**၁၈**။ ဇေယျသိဒ္ဓိစေတီတော် မြတ်ကြီး ထာဝရ မီးလင်း ပူဇော်နိုင်ရန် အတွက် မူလလက်ရှိ ဆက်သွယ် ထားရှိ ပြီးဖြစ် သည့် မူလလျှပ်စစ် ဓာတ်အားလိုင်းကို ကိုယ်ထူကိုယ်ထ လိုင်း ကြိုး အသစ်များဝယ်၍ ၅၀ ဝပ်အား ထရန်စဖေါ်မာ တစ်လုံးကို ဌာနဆိုင်ရာ လျှပ်စစ်ဌာန၏ ဝယ်ယူခွင့်ပြုချက် ရယူပြီး ဆက် သွယ်လဲလှယ်တပ်ဆင်ခဲ့ရာ ၁၁၊ ၄၊ ၂၀၀၀ နေ့တွင် ဇေယျသိဒ္ဓိ စေတီတော် မြတ်ကြီးအား လျှပ်စစ်မီး စတင်လင်းကာ ပူဇော် နိုင်ခဲ့ပါသည်။ စေတီတော်မြတ်ကြီး လျှပ်စစ်မီး ပူဇော်နိုင်ရန် အတွက် မြန်မာကျပ်ငွေ ၆၅၄၀၀၀၀ (ခြောက်ဆယ့်ငါးသိန်း ကျော်) အကုန်အကျခံ ပူဇော်ပေးထားပါသည်။

**၁၉**။ ၄၊ ၄၊ ၂၀၀၀ နေ့တွင် တပ်ရင်းမှူး ဗိုလ်မှူး မျိုးကျော် နှင့် အတူ တပ်တွင်း တပ်ပြင် ရင်သွေးငယ် ၉၂ ယောက် နှင့် တပ်မတော်သား ၅၅ ယောက်တို့ကို စုပေါင်း ရဟန်းခံ ရှင်ပြု

အလှူပွဲ ကျင်းပပေးခဲ့ပါသည်။ ဧပြီလ ၇၊ ၈ ရက်ညများတွင် ည ၇ နာရီမှ ၉ နာရီအထိ ဒုလ္လဘ ရဟန်းသစ်များ နှင့် ရှင်ဒကာ ဒကာမများအား သာသနာ့တာဝန် တရားတော်ကို ဟောကြား ဆုံးမ ပေးခဲ့ပါသည်။

၂၀။ ၂၀၀၀ ခု ဧပြီလ ၉၊ ၁၀ ရက်များတွင် စေတီတော် မြတ်ကြီးအား ဝတ်တက် ဝတ်ကပ် ဆီမီး ရေချမ်း ပန်းများ အလှည့်ကျ ကုသိုလ် ပြုနိုင်ကြရန် ဓမ္မစကြာ ဝတ်အသင်းများ၊ စေတီတော် စောင့်ရှောက်ရေး ဝတ်အသင်းသူ အသင်းသားများ အား အသင်းစည်းကမ်းများ ရေးဆွဲ၍ သင်တန်းပေးပြီး အသင်း များအတွက် ရံပုံငွေ ကျပ် ၁၀၀၀၀၀ (တစ်သိန်း) ပေးအပ်၍ ဝတ်အသင်းများ ဖွဲ့စည်းပေးထားခဲ့ပါသည်။

၂၁။ ၂၀၀၀ ခုနှစ် ဧပြီလ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ရက် ည များတွင် တရားတော်ဟောကြား ဆုံးမပြီး နှစ်စဉ် မေလတွင် ကျင်းပသည့် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကို မပျက်အောင် ပြုလုပ်ကြရန် သတ်မှတ်ပေးထားပါသည်။

၂၂။ ၂၀၀၀ ခု မေလ ၁၂ ရက်နေ့ ဒေါက်တာဆွေဝင်း ချင်းပြည်နယ် ကျန်းမာရေး ဆရာဝန်ကြီးက မိမိနေထိုင်သည့် ချင်းပြည်နယ် ဟားခါးမြို့ ခွါရုံ သာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တ သိရိန္ဒ(အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ)တည်ထားသည့် စေတီတော်ဝင်း အတွင်း ပူဇော်ထား၍ ချင်းပြည်နယ်ရှိ ဗုဒ္ဓ ဘာသာဝင်များ ရှိခိုးဝတ်ပြုရန်အတွက် ရုပ်ပွားတော်တစ်ဆူ ပူဇော် ချီးမြှင့် ပေးပါရန် လျှောက်ထားသဖြင့် ဉာဏ်တော် ၅ ပေရှိ ရုပ်ပွား ဆင်းတုတော် တစ်ဆူကို မြန်မာကျပ်ငွေ ၅၃၀၀၀ ကျော်ဖြင့် ချင်းပြည်နယ် သာသနာ အတွက် ပူဇော် ရှိခိုးရန်

ပို့ပေးထားပါသည်။

**၂၃**။ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၅၃ နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ ၁၃၆၂ ခု ပြာသိုလဆန်း ၁၁ ရက် ၂၀၀၁ ခုနှစ် ဇန္နဝါရီလ ၄ ရက် နေ့စွဲပါ အမိန့် ကြော်ငြာစာ ၁/၂၀၀၁ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ရာတွင် ပြည်တွင်း ပြည်ပ သာသနာတော် တိုးတက်ပြန့်ပွား ကြိုးစားဆောင်ရွက်မှုများကို ယုံကြည်လေးစား ဂုဏ်ပြုသော အားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းကြပါသည်။

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု
ဘဒ္ဒန္တ နန္ဒဝံသ၊ ဓမ္မာစရိယ
(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)
အမှတ် ၄၃၅၊ ဟုတ်ဝဲလ်၊ အွန်တေးရီးယိုးပြည်နယ်
တိုရန်တိုမြို့၊ ကနေဒါနိုင်ငံ
Tel. 416 785 7497 Fax. 416 789 9909

# ပြည်တွင်း ပြည်ပ သာသနာပြုရန် ပစ္စည်းလေးပါး ရဟန်းဒကာ ဒကာမများ


၁။ ခမည်းတော်ကြီး ဦးပု နှင့် အစ်ကို အစ်မများ၊ လောမြို့။
၂။ ဦးချစ်ဝေ ဒေါ်ဇလှိုင် မိသားစု၊ လောမြို့။
၃။ ဦးချစ်မောင် ဒေါ်ထွန်း မိသားစု၊ လောမြို့။
၄။ ဦးလှဖေ ဒေါ်တင်ညွန့် မိသားစု၊ လောမြို့။
၅။ ကိုသိန်းအောင် မခင်အုန်းမြင့် မိသားစု၊ လောမြို့။
၆။ ဦးသန်းမောင် ဒေါ်လှကျင် မိသားစု၊ လောမြို့။
၇။ ဦးမောင်ပု ဒေါ်ခင်တုတ် မိသားစု၊ လောမြို့။
၈။ ဦးသန်းမြင့် ဒေါ်သိန်းရွှင်၊
ရွှေပစ်တိုင်းထောင် ရွှေရတနာ ရောင်းဝယ်ရေး၊ မန္တလေးမြို့။
၉။ ဦးသန်းထွန်းအောင် ဒေါ်တင်တင်အေး၊
ရွှေပစ်တိုင်းထောင် ရွှေရတနာရောင်းဝယ်ရေး၊ မန္တလေးမြို့။
၁၀။ ဒေါ်အမာ သား ကိုကျော်ဦး မသိုက်ညွန့် ကျူးဟိုမြို့၊
ထိုင်ဝမ်။
၁၁။ မသန်းသန်းမြင့်၊ ပိုပို၊ ဒေါက်တာယဉ်ယဉ် ကျူးဟိုမြို့၊
ထိုင်ဝမ်။
၁၂။ ဒေါက်တာ အောင်မြင့် မနယ်လီ မစ်စစ်စော်ကားမြို့၊
ကနေဒါ။
၁၃။ ဦးသိန်းညွန့် ဒေါ်ဟယ်လင် မစ်စစ်စော်ကားမြို့၊ ကနေဒါ။
၁၄။ ထိုင်ဝမ် တရုတ် မြန်မာ ထေရဝါဒ သာသနာပြုကျောင်း
ဒကာ ဒကာမများ၊

ကနေဒါနိုင်ငံ တိုရန်တိုမြို့ မြန်မာကျောင်းဒကာ ဒကာမများအားလုံး၏ ပစ္စည်းလေးပါး အထောက်အပံ့ များဖြင့် ပြည်တွင်း ပြည်ပ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လိုအင်ဆန္ဒ ရှိသမျှ အောင်ကြပြီးပါစေ**
**သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု**

| 5 | GENERAL DESIGN REVISION | DEC. 4, 2000 |
|---|---|---|
| 4 | REVISED FOR SITE PLAN APPROVAL | SEPT. 28, 2000 |
| 3 | REVISED FOR SITE PLAN APPROVAL | AUG. 30, 2000 |
| 2 | ISSUED FOR SITE PLAN APPROVAL | MAY 23, 2000 |
| 1 | ISSUED FOR SPA REVIEW | MAY 12, 2000 |
| No. | Description | Date |
| Revisions: | | |

All dimensions, elevations, details and existing conditions must be checked, co-ordinated and site verified, by the general contractor, prior to proceeding with the work.
Any discrepancies must be reported to the consultant immediately.
Do not scale the drawings.




SOUTH ELEVATION

ကနေဒါနိုင်ငံတိုရန်တိုမြို့တွင်ဆောက်လုပ်မည့်မြန်မာကျောင်းသစ်ပုံစံ

# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လူမှုရေး ဆောင်ရွက်ချက်များ






ဇေယျသိဒ္ဓိစေတီတော် ပဓာနနာယက ဆရာတော် ကိုယ်တိုင် အုတ်ပန္နက်ချ၍ ပထမနှစ် ပြီးစီးနေပုံ



ဒုတိယနှစ် လုပ်ငန်း ပြီးစီးနေပုံ



တတိယနှစ် လုပ်ငန်း ပြီးစီးနေပုံ



# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လူမှုရေး ဆောင်ရွက်ချက်များ



ဇေယျသိဒ္ဓိစေတီတော်တွင် ကိန်းဝပ်တော်မူမည့် ရုပ်ပွားတော် ၄၀ ဆူ နှင့်
စိန်ဖူးတော် ထီးတော်များ မန္တလေးမှ လောသို့ ပင့်ဆောင်ရေးအဖွဲ့မှ ပင့်လာပုံ



ဇေယျသိဒ္ဓိစေတီတော်တွင် ကိန်းဝပ်တော်မူမည့် ရုပ်ပွားတော် ၄၀ ဆူနှင့်



စိန်ဖူးတော် ထီးတော်များ မန္တလေးမှ လောသို့ ပင့်ဆောင်ရေးအဖွဲ့မှ ပင့်လာပုံ

# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လှူမှုရေး ဆောင်ရွက်ချက်များ



ရုပ်ပွားတော်များ ကိန်းဝပ် အပူဇော်ခံဌာန





ဌာပနာတော်သွင်း ဓာတ်တော် မွေတော် စိန်ဖူးတော်များ အပူဇော်ခံထားစဉ်




# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လှူမှုရေး ဆောင်ရွက်ချက်များ



စိန်ဖူးတော်မြတ် အပူဇော်ခံလှည့်စဉ်



စိန်ဖူးတော် နှင့် ထီးတော်များ ဒေဝါဝင်း ရာဇာဝင်း ပုဂံဝင်းများဖြင့် အပူဇော်ခံစဉ်





မန္တလေးတိုင်း သံဃနာယက ဥက္ကဋ္ဌ မြတောင်တိုက် ဆရာတော်
ဘဒ္ဒန္တ သာသနာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ



ဗိုလ်မှူးချုပ် သိန်းဆွေ နှင့် ဇနီး ဒေါ်သိဂီ ဘုရားဒကာ ဘုရားအစ်မများက
စိန်ဖူးတော် နှင့် ထီးတော်များ လှူဒါန်း၍ တရားတော်နာယူကြစဉ်



# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လူမှုရေး ဆောင်ရွက်ချက်များ





ရေစက်ချ အမျှဝေပြီး စိန်ဖူးတော် နှင့် ထီးတော် တင်လှူ ပူဇော်ကြသည်။



ရေစက်ချ အမျှဝေပြီး စိန်ဖူးတော် နှင့် ထီးတော် တင်လှူ ပူဇော်ကြသည်။



စိန်ဖူးတော် အလှူရှင် ဦးသန်းထွန်းအောင် ဒေါ်တင်တင်အေး ရွှေပစ်တိုင်းထောင် မန္တလေးမြို့။

# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လူမှုရေး ဆောင်ရွက်ချက်များ







ရေစက်ချ အမျှဝေပြီး စိန်ဖူးတော် နှင့် ထီးတော် တင်လှူ ပူဇော်ကြသည်။



စိန်ဖူးတော် ထီးတော်များတင်လှူပြီး ကြည်ညိုဘွယ် ဖူးမြော်ရသည့် ဇေယျသိဒ္ဓိစေတီတော်မြတ်

# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လူမှုရေး ဆောင်ရွက်ချက်များ




ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ အမေရိက
အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
စက်ာပူဆရာတော် ဦးတိလောက
ထိုင်းနိုင်ငံ ဖရောင်း ဆရာတော်
ဦးပါမောက္ခ မြန်မာနိုင်ငံ မန္တလေး
ဆရာတော်များကြွရောက်ချီးမြှင့်



ဒုတိယအကြိမ်
ရဟန်းခံ ရှင်ပြုပွဲ - ကနေဒါ







# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လူမှုရေး ဆောင်ရွက်ချက်များ



ပဲခူးတိုင်း ညောင်လေးပင်မြို့ ဇီးဖြူခင်ရွာ
သိရီနန္ဒ စေတီတော် နှင့်



ညောင်လေးပင်မြို့နယ်
ကျားချောင်း
တံတားအလှူ







ဘဒ္ဒန္တ ပညာသိရီနန္ဒ ဦးစီး၍ ပထမအကြိမ် စုပေါင်းရှင်ပြုပွဲ ကနေဒါ

# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လူမှုရေး ဆောင်ရွက်ချက်များ



သင်္ကန်းဝတ်ပြီး
ကြည်ညိုဖွယ် အသွင်






ဆံချပြီး သင်္ကန်းဝတ်ရန် ဆရာထံတွင်



ဒေါက်တာ ကျော်နိုင်
မသန်းသန်းနု တို့က
တစ်ဦးတည်းသော သားလေး
တက်တိုးပိုင် ကို
ရှင်တော်ဇိန္ဒ အဖြစ်
ကြည်ညိုနေရသည့် ပီတိ

# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လူမှုရေး ဆောင်ရွက်ချက်များ





မန္တလေးတိုင်း လျှပ်စစ် မန်နေဂျာ ဦးထွန်းအေး မြို့နယ်လျှပ်စစ်မှူးများနှင့်
တည်ဆောက်ရေးတာဝန်ခံ ဦးသန်းမြင့်တို့ စေတီတော် မီးလင်းရေးစီစဉ်




၁၉၉၅ ခု နိုဝင်ဘာလ ၇ ရက်မှ ၁၂ ရက်အထိ မလေးရှားနိုင်ငံ ပီနန်မြို့တွင်ကျင်းပသည့် ၆ ကြိမ်မြောက်
ကမ္ဘာ့သံဃအစည်းအဝေးသို့ ဒေါက်တာ ဦးရေဝတ(အဂ္ဂမဟာပဏ္ဍိတ)နှင့် အတူတက်ရောက်စဉ်



●လာမြို့ ခြေမြန်တပ်ရင်း ၃၀၂ စုပေါင်းရဟန်းခံမှ ဒုလ္လဘရဟန်းတော် ၅၅ ပါးအား
တရားပြ တရားဟောကြားပေးစဉ်

# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လှုပ်ရှားမှုရေး ဆောင်ရွက်ချက်များ



နှစ်စဉ် မေလတွင် ကျင်းပသည့်
မိုးကုတ်ဝိပဿနာ
၇ ရက်စခန်း တရားပွဲတွင်

တရုတ်မြန်မာ သာသနာပြုကျောင်း
ဘုရားခန်း



# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လူမှုရေး ဆောင်ရွက်ချက်များ



ဗိုလ်မှူးချုပ် သိန်းဆွေ ဇနီးဒေါ်သိဂီ
(စ က ခ) ပျဉ်းမနား စုပေါင်းရှင်ပြု
ရဟန်းခံပွဲတော်အပြီး
ဆရာတော်များ နှင့်
သာသနာရေး ဆွေးနွေးစဉ်



လောမြို့ ခြေမြန်တပ်ရင်း ၃၀၂
တပ်ရင်းမှူး ဗိုလ်မှူး မျိုးကျော်ဝင်း နှင့်
ဇနီး အရာရှိအရာခံ
အကြပ်တပ်သား ဇနီးများ၏
ရင်သွေးငယ် ၉၂ ယောက် နှင့်
တပ်သား ၅၅ စုပေါင်း ရဟန်းခံ ရှင်ပြု
အလှူလှူညီပွဲ (၄၊ ၄၊ ၂၀၀၀)



# ပြည်တွင်း ပြည်ပ ဘာသာ သာသနာ လူမှုရေး ဆောင်ရွက်ချက်များ



ခေတ်နှင့်အညီ ပညာသင်ကြားရေး စာသင်တိုက် နှင့် လော အ ထ က သို့ ကွန်ပျူတာများပေးလှူ



ရန်ကုန်မြို့ မရမ်းကုန်း မဂ္ဂပါလကုန်းတော်တွင်တည်ဆောက်နေသည့်စွယ်တော်မြတ်စေတီတော် နှင့်
နီပေါနိုင်ငံ လုမ္ဗိနီ ဥယျာဉ်တော်တွင် တည်ဆောက်နေသော စေတီဘုရား သိမ်ကျောင်းများအတွက်
US $ 2000 သာသနာရေးဝန်ကြီးမှ တဆင့်လှူဒါန်းပေးစဉ် (၁၃၊ ၁၂၊ ၁၉၉၅)




လောပြည်သူ့ဆေးရုံ ခွဲစိတ်ဆောင် ဆောက်လုပ်ရေးအတွက် အလှူငွေ ကျပ်တစ်သိန်းပေးလှူ (၂၊ ၉၊ ၁၉၉၄)